# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## ကယားပြည်နယ်လွှတ်တော်

### ကယားပြည်နယ်
### ဂုဏ်ထူးဆောင်လက်မှတ်နှင့် ဂုဏ်ထူးဆောင်ဆုပစ္စည်းများ
### ချီးမြှင့်အပ်နှင်းခြင်းဆိုင်ရာဥပဒေ

( ၂၀၁၇ ခုနှစ်၊ ကယားပြည်နယ်လွှတ်တော်ဥပဒေအမှတ် ၆။ )

၂၀၁၇ ခုနှစ်၊ ဩဂုတ်လ ၃၀ ရက်

ကယားပြည်နယ်

ဂုဏ်ထူးဆောင်လက်မှတ်နှင့် ဂုဏ်ထူးဆောင်ဆုပစ္စည်းများ

ချီးမြှင့်အပ်နှင်းခြင်းဆိုင်ရာဥပဒေ

## မာတိကာ


| စဉ် | | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|---|
| ၁။ | အခန်း(၁) | အမည်နှင့် အဓိပ္ပာယ်ဖော်ပြချက် | ၁ |
| ၂။ | အခန်း(၂) | ရည်ရွယ်ချက် | ၃ |
| ၃။ | အခန်း(၃) | ဂုဏ်ထူးဆောင်လက်မှတ်နှင့် ဂုဏ်ထူးဆောင်ဆုပစ္စည်း ချီးမြှင့်ခြင်းဆိုင်ရာ စိစစ်ရေးကော်မတီ ဖွဲ့စည်းခြင်း၊ လုပ်ငန်းတာဝန်များနှင့် လုပ်ပိုင်ခွင့်များ သတ်မှတ်ခြင်း | ၄ |
| ၄။ | အခန်း(၄) | ဂုဏ်ထူးဆောင်လက်မှတ်နှင့် ဂုဏ်ထူးဆောင်ဆုပစ္စည်းဆိုင်ရာ အရည်အချင်းသတ်မှတ်ချက်များ | ၇ |
| ၅။ | အခန်း(၅) | ဂုဏ်ထူးဆောင်လက်မှတ်နှင့် ဂုဏ်ထူးဆောင်ဆုပစ္စည်း ချီးမြှင့်နိုင်ရေးအတွက် စိစစ်ထောက်ခံတင်ပြခြင်း | ၁၅ |
| ၆။ | အခန်း(၆) | ဂုဏ်ထူးဆောင်လက်မှတ်နှင့် ဂုဏ်ထူးဆောင်ဆုပစ္စည်းများအတွက် ဘဏ္ဍာငွေသုံးစွဲခြင်း | ၁၇ |
| ၇။ | အခန်း(၇) | အထွေထွေ | ၁၈ |
| ၈။ | နောက်ဆက်တွဲပုံစံ(၁) | | ၁၉ |
| ၉။ | နောက်ဆက်တွဲပုံစံ(၂) | | ၂၂ |
| ၁၀။ | နောက်ဆက်တွဲပုံစံ(၃) | | ၂၄ |


# ကယားပြည်နယ်

# ဂုဏ်ထူးဆောင်လက်မှတ်နှင့် ဂုဏ်ထူးဆောင်ဆုပစ္စည်း

# ချီးမြှင့်အပ်နှင်းခြင်းဆိုင်ရာဥပဒေ

(၂၀၁၇ ခုနှစ်၊ ကယားပြည်နယ်လွှတ်တော်ဥပဒေအမှတ် - ၆)

၁၃၇၉ ခုနှစ်၊ တော်သလင်းလဆန်း ၉ ရက်

(၂၀၁၇ ခုနှစ်၊ ဩဂုတ်လ ၃၀ ရက်)

ကယားပြည်နယ်လွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

## အခန်း(၁)

## အမည်နှင့်အဓိပ္ပာယ်ဖော်ပြချက်

၁။ ဤဥပဒေကို **ကယားပြည်နယ် ဂုဏ်ထူးဆောင်လက်မှတ်နှင့် ဂုဏ်ထူးဆောင်ဆုပစ္စည်း ချီးမြှင့်အပ်နှင်းခြင်းဆိုင်ရာဥပဒေ**ဟု ခေါ်တွင်စေရမည်။

၂။ ဤဥပဒေတွင်ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ် သက်ရောက်စေရမည်-

(က) **နိုင်ငံတော်** ဆိုသည်မှာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ကိုဆိုသည်။

(ခ) **ပြည်နယ်** ဆိုသည်မှာ ကယားပြည်နယ်ကို ဆိုသည်။

(ဂ) **အစိုးရအဖွဲ့** ဆိုသည်မှာ ကယားပြည်နယ်အစိုးရအဖွဲ့ကို ဆိုသည်။

(ဃ) **ဝန်ကြီးဌာန** ဆိုသည်မှာ ကယားပြည်နယ်အစိုးရအဖွဲ့၊ ဝန်ကြီးဌာနတစ်ခုခုကို ဆိုသည်။

(င) **ဂုဏ်ထူးဆောင်လက်မှတ်** ဆိုသည်မှာ စီမံခန့်ခွဲရေး၊ ငြိမ်းချမ်းရေး၊ လုံခြုံရေးနှင့် တရားဥပဒေစိုးမိုးရေး၊ စီးပွားရေး၊ စိုက်ပျိုးရေး၊ မွေးမြူရေး၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေး၊ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေး၊ သာသနာရေး၊ အားကစား၊ သုတေသနလုပ်ငန်းများနှင့် အခြားကဏ္ဍများတွင် ထူးချွန်စွာ စွမ်းစွမ်းတမံ ထမ်းဆောင်သူများအား အစိုးရအဖွဲ့က ချီးမြှင့်သော ဂုဏ်ထူးဆောင်လက်မှတ်ကို ဆိုသည်။

(စ) **ဂုဏ်ထူးဆောင်ဆုပစ္စည်း** ဆိုသည်မှာ စီမံခန့်ခွဲရေး၊ ငြိမ်းချမ်းရေး၊ လုံခြုံရေးနှင့်တရားဥပဒေ စိုးမိုးရေး၊ စီးပွားရေး၊ စိုက်ပျိုးရေး၊ မွေးမြူရေး၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေး၊ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေး၊ သာသနာရေး၊ အားကစား၊ သုတေသနလုပ်ငန်းများနှင့် အခြားကဏ္ဍများတွင် ထူးချွန်စွာ စွမ်းစွမ်းတမံ ထမ်းဆောင်သူများအား ပြည်နယ်အစိုးရအဖွဲ့က ချီးမြှင့်သော ဂုဏ်ထူးဆောင်လက်မှတ်ကို ဂုဏ်ပြုသော အားဖြင့် ပေးအပ်သည့် ဂုဏ်ထူးဆောင်ဆုပစ္စည်း တစ်ခုခုကို ဆိုသည်။

(ဆ) **စိစစ်ရေးကော်မတီ** ဆိုသည်မှာ ပြည်နယ်အစိုးရအဖွဲ့က ဤဥပဒေအရ ဖွဲ့စည်းသော ဂုဏ်ထူးဆောင်လက်မှတ်နှင့် ဂုဏ်ထူးဆောင်ဆုပစ္စည်း ချီးမြှင့်ခြင်းဆိုင်ရာ စိစစ်ရေးကော်မတီကို ဆိုသည်။



## အခန်း(၂)

## ရည်ရွယ်ချက်များ

၃။ ဤဥပဒေ၏ ရည်ရွယ်ချက်များမှာ အောက်ပါအတိုင်း ဖြစ်သည်-

(က) ပြည်နယ်၏အကျိုးအတွက် စွမ်းစွမ်းတမံ ဆောင်ရွက်ခဲ့ကြသူများအား ဂုဏ်ထူးဆောင်လက်မှတ်နှင့် ဂုဏ်ထူးဆောင်ဆုပစ္စည်းများ ချီးမြှင့်ရန်၊

(ခ) ပြည်နယ်၏ အကျိုးအတွက် စွမ်းစွမ်းတမံ ဆောင်ရွက်ကြသူများအား စံနမူနာအဖြစ် အသိအမှတ်ပြု ဂုဏ်ပြုခြင်းအားဖြင့် ပြည်နယ်အကျိုးသယ်ပိုး ဆောင်ရွက်လိုသူများ ပိုမိုများပြားလာစေရန်၊

(ဂ) နိုင်ငံတော်အတွက် စံနမူနာပြု အတုယူရမည့်သူများ ပိုမိုပေါ်ထွန်းလာစေရန်။

## အခန်း(၃)

## ဂုဏ်ထူးဆောင်လက်မှတ်နှင့် ဂုဏ်ထူးဆောင်ဆုပစ္စည်းချီးမြှင့်ခြင်းဆိုင်ရာ စိစစ်ရေးကော်မတီ ဖွဲ့စည်းခြင်း၊ လုပ်ငန်းတာဝန်များနှင့် လုပ်ပိုင်ခွင့်များ သတ်မှတ်ခြင်း

၄။ အစိုးရအဖွဲ့သည် ဂုဏ်ထူးဆောင်လက်မှတ်နှင့် ဂုဏ်ထူးဆောင် ဆုပစ္စည်း ချီးမြှင့်ခြင်းဆိုင်ရာ စိစစ်ရေးကော်မတီကို အောက်ပါပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းရမည်-

(က) ဝန်ကြီး၊ စည်ပင်သာယာရေးနှင့် လူမှုရေး ဝန်ကြီးဌာန — ဥက္ကဋ္ဌ

(ခ) ဝန်ကြီး၊ လုံခြုံရေးနှင့် နယ်စပ်ရေးရာ ဝန်ကြီးဌာန — အဖွဲ့ဝင်

(ဂ) ဝန်ကြီး၊ လမ်းပန်းဆက်သွယ်ရေးနှင့် လျှပ်စစ်ဝန်ကြီးဌာန — အဖွဲ့ဝင်

(ဃ) ဝန်ကြီး၊ စိုက်ပျိုးရေးမွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန — အဖွဲ့ဝင်

(င) ဝန်ကြီး၊ သယံဇာတနှင့် သဘာဝ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန — အဖွဲ့ဝင်

(စ) ဝန်ကြီး၊ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီး ဌာန — အဖွဲ့ဝင်

(ဆ) ဝန်ကြီး၊ ဗမာတိုင်းရင်းသားရေးရာ ဝန်ကြီးဌာန — အဖွဲ့ဝင်

(ဇ) ပြည်နယ်ဥပဒေချုပ် — အဖွဲ့ဝင်

(ဈ) အတွင်းရေးမှူး၊ ပြည်နယ်အစိုးရအဖွဲ့ — အတွင်းရေးမှူး



၅။ စိစစ်ရေးကော်မတီသည် အောက်ပါလုပ်ငန်းတာဝန်များကို ဆောင်ရွက်ရမည်-

(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပြည်ထောင်စု အစိုးရက ချီးမြှင့်အပ်နှင်းသော ဂုဏ်ထူးဆောင်ဘွဲ့များ၊ ဂုဏ်ထူးဆောင်တံဆိပ်များဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့် ဆန့်ကျင်မှုမရှိစေဘဲ ပြည်နယ်အတွင်းရှိ ဂုဏ်ထူးဆောင် လက်မှတ်နှင့် ဆုပစ္စည်းချီးမြှင့်နိုင်ရေးအတွက် သတ်မှတ်ချက်များနှင့်အညီ စိစစ်၍ အစိုးရအဖွဲ့သို့ ကော်မတီ၏ သဘောထားမှတ်ချက်နှင့်အတူ တင်ပြရန်၊

(ခ) ပြည်နယ်တရားလွှတ်တော်၊ ပြည်နယ်ဝန်ကြီးဌာန၊ ပြည်နယ်ဥပဒေချုပ်ရုံး၊ ပြည်နယ်စာရင်းစစ်ချုပ်ရုံး၊ တပ်မတော်တပ်ရင်းတပ်ဖွဲ့ဝင်များအတွက် ဂုဏ်ထူး ဆောင်လက်မှတ်နှင့် ဂုဏ်ထူးဆောင် ဆုပစ္စည်းချီးမြှင့် သင့်သူများကို ဤဥပဒေအခန်း(၅) ပါနည်းလမ်းများ အတိုင်း ထောက်ခံတင်ပြရန်နှင့် အဆင့်ဆင့် စိစစ် ထောက်ခံ တင်ပြမှုများအပေါ် သတ်မှတ်ချက်များနှင့် အညီ စိစစ်၍ အစိုးရအဖွဲ့သို့ ကော်မတီ၏ သဘောထား မှတ်ချက်နှင့်အတူ တင်ပြရန်၊

(ဂ) ပြည်နယ်ဝန်ကြီးဌာန၊ အစိုးရအဖွဲ့အစည်းနှင့် အကျုံး မဝင်သည့် ကယားပြည်နယ်လွှတ်တော်ပြင်ပပုဂ္ဂိုလ် သို့မဟုတ်အဖွဲ့အစည်းမှ ဂုဏ်ထူးဆောင်လက်မှတ်နှင့် ဂုဏ်ထူးဆောင်ဆုပစ္စည်း ချီးမြှင့်သင့်သူများ သို့မဟုတ် အဖွဲ့အစည်းများကို ဤဥပဒေ အခန်း(၅)ပါနည်းလမ်း

များ အတိုင်းထောက်ခံတင်ပြရန်နှင့် အဆင့်ဆင့် စိစစ်ထောက်ခံတင်ပြမှုအပေါ် သတ်မှတ်ချက်များနှင့်အညီ စိစစ်၍ အစိုးရအဖွဲ့သို့ ကော်မတီ၏ သဘောထားမှတ်ချက်နှင့်အတူ တင်ပြရန်။

၆။ စိစစ်ရေးကော်မတီသည် ဤဥပဒေအရ မိမိ၏ လုပ်ငန်းတာဝန်များကို ဆောင်ရွက်ရန်အတွက် အောက်ပါလုပ်ပိုင်ခွင့်များကို ကျင့်သုံးနိုင်သည်-

(က) ဂုဏ်ထူးဆောင်လက်မှတ်နှင့် ဂုဏ်ထူးဆောင်ဆုပစ္စည်း ချီးမြှင့်ရေးအတွက် စိစစ်ရမည့်ပုဂ္ဂိုလ် သို့မဟုတ် အဖွဲ့အစည်းများကိုလည်းကောင်း၊ စိစစ်ရမည့်ကိစ္စနှင့် သက်ဆိုင်သည့်ပုဂ္ဂိုလ်သို့မဟုတ် အဖွဲ့အစည်းများကိုလည်းကောင်း လိုအပ်သလိုခေါ်ယူမေးမြန်းခြင်း၊

(ခ) လိုအပ်သည့် စာရွက်စာတမ်း၊ သက်သေအထောက်အထားများကိုတင်ပြစေခြင်း။



## အခန်း(၄)

## ဂုဏ်ထူးဆောင်လက်မှတ်နှင့် ဂုဏ်ထူးဆောင်ဆုပစ္စည်းဆိုင်ရာ အရည်အချင်း သတ်မှတ်ချက်များ

၇။ စီမံခန့်ခွဲရေးဆိုင်ရာ ဂုဏ်ထူးဆောင်လက်မှတ်နှင့် ဂုဏ်ထူးဆောင်ဆုပစ္စည်း ချီးမြှင့်ခံနိုင်ရန် အောက်ပါအရည်အချင်းများနှင့် အကျုံးဝင်ရမည်-

(က) ပြည်နယ်ဖွံ့ဖြိုးတိုးတက်ရေး၊ စီမံခန့်ခွဲရေးနှင့်စပ်လျဉ်း၍ ချမှတ်ထားသော စီမံခန့်ခွဲရေးဆိုင်ရာမူများ၊ လမ်းညွှန်မှုများကို စံပြုလောက်အောင် လိုက်နာကျင့်သုံးခြင်း၊

(ခ) အများပြည်သူများက ဒီမိုကရေစီ၏ အနှစ်သာရကို သက်ဝင်သဘောပေါက်စေရန်နှင့် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ဒီမိုကရေစီအလေ့အကျင့် ရင့်ကျက်လာစေရန် စည်းရုံးကြိုးပမ်းဆောင်ရွက်ခြင်း၊

(ဂ) စီမံခန့်ခွဲရေးဆိုင်ရာ အဖွဲ့အစည်းတစ်ရပ်ရပ်တွင် ဖွဲ့လုံ့လဝီရိယဖြင့် သစ္စာရှိရှိ ထူးချွန်စွာ ဆောင်ရွက်ခြင်း၊

(ဃ) သက်ဆိုင်ရာ လုပ်ငန်းများတွင် ကျွမ်းကျင်နှံ့စပ်မှုရှိ၍ စီမံခန့်ခွဲရေးပိုင်းတွင် စံပြုလောက်အောင် စွမ်းစွမ်းတမံ ကြိုးပမ်းဆောင်ရွက်ခြင်း၊ ထူးချွန်မှုရှိခြင်း၊

(င) စီမံခန့်ခွဲရေးလုပ်ငန်း တာဝန်ပိုင်းဆိုင်ရာ ဥပဒေ၊ နည်းဥပဒေ၊ စည်းမျဉ်း၊ စည်းကမ်း၊ စံချိန်စံညွှန်း၊ အရည်အသွေးကွပ်ကဲမှု စသည်များကို ထိန်းသိမ်းလိုက်နာကျင့်သုံးရာတွင် စံပြဖြစ်ခြင်း၊

(စ) ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ဒီမိုကရေစီထွန်းကားရေးကို ရှေ့ရှု၍ မိမိကိုယ်ကျိုးထက်နိုင်ငံ့အကျိုး၊ ပြည်နယ်အကျိုးကို အလေးအနက် ဦးစားပေးဆောင်ရွက်ခြင်း၊

(ဆ) ကိုယ်ကျင့်တရားစိတ်ဓါတ်၊ ခံယူချက်၊ အတွေးအခေါ် ကောင်းမွန်ခြင်း။

၈။ ငြိမ်းချမ်းရေး၊ လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးဆိုင်ရာ ဂုဏ်ထူးဆောင်လက်မှတ်နှင့် ဂုဏ်ထူးဆောင်ဆုပစ္စည်း ချီးမြှင့်ခံနိုင်ရန် အောက်ပါအရည်အချင်းများနှင့် အကျုံးဝင်ရမည်-

(က) ငြိမ်းချမ်းရေး၊ တရားဥပဒေစိုးမိုးရေးနှင့် လုံခြုံရေး တာဝန်တစ်ရပ်ရပ်ကို ထမ်းဆောင်ရာ၌ မိမိအသက်ဘေးအန္တရာယ်ကိုမငဲ့ကွက်ဘဲ ကြံ့ခိုင်သောစိတ်ဓာတ်ဖြင့်လည်းကောင်း၊ စံတင်လောက်သည့် သတ္တိစွမ်းရည်ဖြင့်လည်းကောင်း ထူးချွန်စွာဆောင်ရွက်ခြင်း၊

(ခ) နိုင်ငံတော်နှင့် ပြည်သူတို့၏ အကျိုးစီးပွားကို ကာကွယ်စောင့်ရှောက်၍ တရားဥပဒေစိုးမိုးရေး၊ ရပ်ရွာအေးချမ်းသာယာရေး တည်ဆောက်ရာတွင် အထောက်အကူဖြစ်စေရေးအတွက် စွမ်းစွမ်းတမံ ဆောင်ရွက်ခြင်း၊ ထမ်းဆောင်ခြင်း၊

(ဂ) ကိုယ်ကျင့်တရားကောင်းမွန်ခြင်း၊

(ဃ) အများပြည်သူများအား လုံခြုံရေးနှင့် တရားဥပဒေစိုးမိုးရေးကို အလေးထား လိုက်နာလာအောင် စွမ်းစွမ်းတမံ စွမ်းဆောင်နိုင်ခြင်း။

(င) ကိုယ်ကျိုးစွန့်ပြီး မိမိဒေသ၊ ပြည်နယ်၊ နိုင်ငံအတွက် ငြိမ်းချမ်းရေးကိစ္စရပ်များကို ကြိုးပမ်းဆောင်ရွက်ခြင်း။



၉။ စီးပွားရေးဆိုင်ရာ ဂုဏ်ထူးဆောင်လက်မှတ်နှင့် ဂုဏ်ထူးဆောင်ဆုပစ္စည်း ချီးမြှင့်ခံနိုင်ရန် အောက်ပါအရည်အချင်းများနှင့် အကျုံးဝင်ရမည်-

(က) စီမံကိန်းဝင် စီးပွားရေးလုပ်ငန်းကဏ္ဍများတွင် မူလလျာထားချက်များထက် ထူးခြားမြင့်မားစွာ အကောင်အထည်ဖော်ရာ၌ စွမ်းစွမ်းတမံ ကြိုးပမ်းဆောင်ရွက် ခြင်း၊

(ခ) ပြည်နယ်၏ စီးပွားရေးနယ်ပယ်အတွင်း အောင်မြင်အောင် ထူးခြားစွာ စွန့်ဦးတီထွင်လုပ်ငန်းရှင်အဖြစ် ဆောင်ရွက်နိုင်ခြင်း၊

(ဂ) ကုန်ထုတ်လုပ်မှု အရှိန်အဟုန် မြင့်မားလာစေရန် အထောက်အကူပြုသော အတွေးအခေါ်၊ နည်းပညာနှင့် ရှာဖွေကြံဆမှု တစ်ခုခုပြုလုပ်ခြင်းသို့မဟုတ် ပြုလုပ်ရန် ကူညီခြင်း၊

(ဃ) လုပ်ငန်းတာဝန်ပိုင်းဆိုင်ရာ ဥပဒေ၊ နည်းဥပဒေ၊ စည်းမျဉ်း၊ စည်းကမ်း၊ စံချိန်စံညွှန်း၊ အရည်အသွေး ကွပ်ကဲမှု စသည်များကို လိုက်နာကျင့်သုံးရာတွင် စံပြဖြစ်ခြင်း၊

(င) ကိုယ်ကျင့်တရားစိတ်ဓါတ်၊ ခံယူချက်၊ အတွေးအခေါ် ကောင်းမွန်ခြင်း။

၁၀။ စိုက်ပျိုးရေး၊ မွေးမြူရေးဆိုင်ရာ ဂုဏ်ထူးဆောင်လက်မှတ်နှင့် ဂုဏ်ထူးဆောင်ဆုပစ္စည်းချီးမြှင့်ခံနိုင်ရန် အောက်ပါအရည်အချင်းများနှင့် အကျုံးဝင်ရမည်-

(က) စီမံကိန်းလျာထားချက်နှင့်အညီ စိုက်ပျိုးရေး သို့မဟုတ် မွေးမြူရေးတွင် လျာထားချက်ပြည့်မီစေရန် စွမ်းစွမ်းတမံ ကြိုးပမ်းဆောင်ရွက်ခြင်း၊

( ခ ) စိုက်ပျိုးရေး သို့မဟုတ် မွေးမြူရေးထုတ်လုပ်မှုတွင် တိုးတက်မြင့်မားလာစေရန် စွမ်းစွမ်းတမံ ကြိုးပမ်း ဆောင်ရွက်ခြင်း၊

( ဂ ) စိုက်ပျိုးရေး ပိုမိုတိုးတက်လာစေရန် အထောက်အကူပြုသော စိုက်ပျိုးရေး စနစ်သစ်၊ သီးနှံမျိုးသစ်၊ သီးနှံရောဂါ၊ ပိုးမွှားနှင့်သဘာဝဘေးအန္တရာယ်ကာကွယ်ရေး နည်းလမ်းသစ် စသည့်တီထွင်မှုတစ်ခုခုကို အောင်မြင်စွာ ပြုလုပ်ခြင်း၊

(ဃ) မွေးမြူရေး ပိုမိုတိုးတက်လာစေရန် အထောက်အကူပြုသော မွေးမြူရေး စနစ်သစ်၊ တိရစ္ဆာန်ရောဂါ၊ ပိုးမွှားနှင့် သဘာဝဘေးအန္တရာယ် ကာကွယ်ရေး နည်းလမ်းသစ် စသည့် တီထွင်မှုတစ်ခုခုကို အောင်မြင်စွာပြုလုပ်ခြင်း၊

( င ) စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများတွင် မလိုလားအပ်သော လေလွင့်ဆုံးရှုံးပျက်စီးမှုများ မရှိစေရန် သို့မဟုတ် လျော့နည်းစေရန် လမ်းညွှန်မှု သို့မဟုတ် တီထွင်မှုပြုခြင်း၊

( စ ) စိုက်ပျိုးရေး၊ မွေးမြူရေး ကုန်ထုတ်လုပ်မှု လုပ်ငန်းပိုင်းဆိုင်ရာ ဥပဒေ၊ စည်းမျဉ်းများကို လိုက်နာကျင့်သုံးရာ တွင် စံပြဖြစ်ခြင်း၊

(ဆ) စိုက်ပျိုးရေး၊ မွေးမြူရေး ကုန်ထုတ်လုပ်မှု လုပ်ငန်းပိုင်းတွင် ကျွမ်းကျင်နှံ့စပ်၍ စီမံခန့်ခွဲရေးပိုင်းတွင် ထူးချွန်မှု ရှိခြင်း၊



( ဇ ) ကိုယ်ကျင့်တရားကောင်းမွန်ခြင်း။

၁၁။ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ ဂုဏ်ထူးဆောင်လက်မှတ်နှင့် ဂုဏ်ထူးဆောင်ဆုပစ္စည်းချီးမြှင့်ခံနိုင်ရန် အောက်ပါအရည်အချင်းများနှင့် အကျုံးဝင်ရမည်-

(က) ပြည်နယ်၏ ပတ်ဝန်းကျင်ထိန်းသိမ်းရေး၊ သဘာဝနှင့်ယဉ်ကျေးမှုအမွေအနှစ်များ ထိန်းသိမ်းစောင့်ရှောက်ရေး၊ ဆုတ်ယုတ်ပျောက်ကွယ်စပြုနေသော ဂေဟစနစ်များ ဖြစ်နိုင်သမျှ စဉ်ဆက်မပြတ် ပြန်လည်ဖော်ထုတ်ခြင်း၊

( ခ ) သဘာဝသယံဇာတ အရင်းအမြစ်များ လျော့နည်းဆုံးရှုံးမှုကို တားဆီးရေးနှင့် စဉ်ဆက်မပြတ် အကျိုးရှိစွာ အသုံးပြုနိုင်ရေး ဆောင်ရွက်ခြင်း၊

( ဂ ) ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ အသိပညာပြန့်ပွားရေး၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးတွင် အများပြည်သူများ ပိုမိုပါဝင်လာစေရေး ထိရောက်အောင်မြင်စွာ ဆောင်ရွက်ခြင်း၊

(ဃ) ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ ကိစ္စရပ်များကို အစိုးရဌာန၊ အစိုးရအဖွဲ့အစည်း၊ နိုင်ငံတကာအစိုးရမဟုတ်သော အဖွဲ့အစည်း၊ အစိုးရမဟုတ်သော အဖွဲ့အစည်းနှင့် ပုဂ္ဂလိကတို့ ပူးပေါင်းဆောင်ရွက်ရေး တစ်ခုခုအတွက် တည်ဆဲဥပဒေနှင့် မဆန့်ကျင်စေဘဲ စွမ်းစွမ်းတမံဆောင်ရွက်ခြင်း၊

( င ) ကိုယ်ကျင့်တရားကောင်းမွန်ခြင်း။

၁၂။ လူမှုရေးဆိုင်ရာ ဂုဏ်ထူးဆောင်လက်မှတ်နှင့် ဂုဏ်ထူးဆောင်ဆုပစ္စည်း ချီးမြှင့်ခံနိုင်ရန် အောက်ပါအရည်အချင်းများနှင့် အကျုံးဝင်ရမည်-

(က) ပညာရေး၊ ကျန်းမာရေး၊ လူမှုရေး၊ သာသနာရေး၊ စာပေ၊ ဂီတ၊ ယဉ်ကျေးမှု၊ သုခုမအနုပညာ၊ အသိပညာ၊ အတတ်ပညာ၊ လက်မှုပညာရပ်နှင့် အားကစားကဏ္ဍ တစ်ခုခုတွင် ထူးချွန်စွာစွမ်းစွမ်းတမံ ဆောင်ရွက်ခြင်း၊

( ခ ) သဘာဝဘေးအန္တရာယ်ကျရောက်စဉ် ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်များကို သက်စွန့်ကြိုးပမ်း အားထုတ်ဆောင်ရွက်ခြင်း၊ ပံ့ပိုးကူညီလှူဒါန်းခြင်း၊

( ဂ ) လူမျိုး၊ ဘာသာ၊ သာသနာအကျိုးအတွက် ထူးချွန်စွာ အားထုတ်ကြိုးပမ်း ဆောင်ရွက်ခြင်း၊

(ဃ) ပြည်နယ်အတွင်း ဖွံ့ဖြိုးတိုးတက်စေရေးအတွက် သဒ္ဓါတရားထက်သန်စွာဖြင့် ဆောင်ရွက်ခြင်း၊ ပံ့ပိုးကူညီလှူဒါန်းခြင်း၊

( င ) ကိုယ်ကျင့်တရားကောင်းမွန်ခြင်း၊

( စ ) ဒီဇိုတာဝန်အရေးသုံးပါးကို ဦးထိပ်ပန်ဆင်ခြင်း၊

(ဆ) စိတ်ရင်းစေတနာရင်း မှန်ကန်ဖြောင့်မတ်စွာဖြင့် ပြုမူဆောင်ရွက်ခြင်း၊

( ဇ ) လိုအပ်ပါက ပြည်နယ်အစိုးရအဖွဲ့နှင့် အချိန်နေရာမရွေး ပူးပေါင်းဆက်သွယ် ဆောင်ရွက်နိုင်ခြင်း၊

( ဈ) နိုင်ငံရေး၊ လူမျိုးရေး၊ ဘာသာရေး အစွန်းရောက်သူမျိုး မဖြစ်ခြင်း။



၁၃။ သုတေသနလုပ်ငန်းများနှင့် အခြားကဏ္ဍများဆိုင်ရာ ဂုဏ်ထူးဆောင်လက်မှတ်နှင့် ဂုဏ်ထူးဆောင်ဆုပစ္စည်း ချီးမြှင့်ခံနိုင်ရန် အောက်ပါအရည်အချင်းများနှင့် အကျုံးဝင်ရမည်-

(က) သိပ္ပံပညာရပ် သို့မဟုတ် ဝိဇ္ဇာပညာရပ်သို့မဟုတ် နည်းပညာတစ်ခုခုတွင် တိုးတက်ဖြစ်ထွန်းမှုကိုသော်လည်းကောင်း၊ အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်နှင့် ပြည်နယ်ဖြစ်ပေါ်လာရေးအတွက်သော်လည်းကောင်း အထောက်အကူပြုသော သုတေသနလုပ်ငန်းများနှင့်အခြားကဏ္ဍများကို စွမ်းစွမ်းတမံ ကြိုးပမ်းဆောင်ရွက်သူဖြစ်ခြင်း၊

( ခ ) လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် အသိပညာပေးရာတွင် ထူးချွန်စွာ ကြိုးပမ်းဆောင်ရွက်သူဖြစ်ခြင်း၊

( ဂ ) မြန်မာ့လူ့ဘောင်အဖွဲ့အစည်း တိုးတက်ထွန်းကားလာရေးအတွက် သုတေသနလုပ်ငန်းကို ထူးချွန်စွာ ကြိုးပမ်းဆောင်ရွက်သူဖြစ်ခြင်း၊

(ဃ) အမျိုးသားအကျိုးစီးပွားနှင့် အမျိုးသားစာပေ၊ ပြည်နယ်၏ တိုင်းရင်းသားစာပေ ဖွံ့ဖြိုးတိုးတက်ရေးအတွက် စံပြုလောက်သည်အထိ ကိုယ်တိုင်ရေးသား ပြုစုသူနှင့် အကောင်အထည်ဖော်ဆောင်နိုင်သူဖြစ်ခြင်း၊

( င ) ကိုယ်ကျင့်တရားကောင်းမွန်ခြင်း၊

( စ ) ဒီဇိုတာဝန်အရေးသုံးပါးကို ဦးထိပ်ပန်ဆင်ခြင်း၊

(ဆ) စိတ်ရင်းစေတနာရင်း မှန်ကန်ဖြောင့်မတ်စွာဖြင့် ပြုမူဆောင်ရွက်ခြင်း၊

( ဇ ) လိုအပ်ပါက ပြည်နယ်အစိုးရအဖွဲ့နှင့် အချိန်နှင့်တစ်ပြေးညီ အချိန်နှင့်တစ်ပြေးညီ ပူးပေါင်းဆက်သွယ် ဆောင်ရွက်နိုင်ခြင်း၊

( ဈ) နိုင်ငံရေး၊ လူမျိုးရေး၊ ဘာသာရေး အစွန်းရောက်သူမျိုး မဖြစ်ခြင်း။

၁၄။ အစိုးရအဖွဲ့သည် ဤဥပဒေအရသတ်မှတ်ထားသော စီမံခန့်ခွဲရေး၊ လုံခြုံရေးနှင့် တရားဥပဒေစိုးမိုးရေး၊ စီးပွားရေး၊ စိုက်ပျိုးရေး၊ မွေးမြူရေး၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေး၊ လူမှုရေး၊ သုတေသနလုပ်ငန်းများနှင့် အခြားကဏ္ဍတို့အပြင် ဂုဏ်ထူးဆောင်လက်မှတ်နှင့် ဂုဏ်ထူးဆောင်ဆုပစ္စည်း ချီးမြှင့်သင့်သည့်ကဏ္ဍများနှင့် စပ်လျဉ်း၍ ယင်းကဏ္ဍအသီးသီး အတွက် ပြည့်စုံရမည့် အရည်အချင်းများကို သတ်မှတ်နိုင်သည်။

၁၅။ အစိုးရအဖွဲ့သည် ဂုဏ်ထူးဆောင်လက်မှတ်နှင့် ဂုဏ်ထူးဆောင် ဆုပစ္စည်း ချီးမြှင့်အပ်နှင်းရာတွင် သက်ဆိုင်ရာ စွမ်းဆောင်မှုအလိုက် ပထမအဆင့်၊ ဒုတိယအဆင့်နှင့် တတိယအဆင့်ဟု အဆင့်သတ်မှတ်၍ ချီးမြှင့်နိုင်သည်။

၁၆။ အစိုးရအဖွဲ့သည် ဂုဏ်ထူးဆောင်လက်မှတ်နှင့် ဂုဏ်ထူးဆောင် ဆုပစ္စည်း တစ်ကြိမ်ရရှိပြီးသူကို ယင်း၏ စွမ်းဆောင်ရည်အပေါ်မူတည်၍ နောက်ထပ် ဂုဏ်ထူးဆောင်လက်မှတ်နှင့် ဂုဏ်ထူးဆောင်ဆုပစ္စည်း ချီးမြှင့်နိုင်သည်။ ထို့ပြင် အဆင့်တစ်ဆင့်တွင် ဂုဏ်ထူးဆောင်လက်မှတ် နှင့် ဂုဏ်ထူးဆောင်ဆုပစ္စည်းရရှိပြီးသူကိုလည်း ယင်းအဆင့်ထက် ပိုမို မြင့်မားသော အဆင့်အတွက် ဂုဏ်ထူးဆောင်လက်မှတ်နှင့် ဂုဏ်ထူး ဆောင်ဆုပစ္စည်း ချီးမြှင့်နိုင်သည်။



## အခန်း(၅)

## ဂုဏ်ထူးဆောင်လက်မှတ်နှင့် ဂုဏ်ထူးဆောင်ဆုပစ္စည်းချီးမြှင့်နိုင်ရေးအတွက် စိစစ်ထောက်ခံ တင်ပြခြင်း

၁၇။ စိစစ်ရေးကော်မတီသည် ဂုဏ်ထူးဆောင်လက်မှတ်နှင့် ဂုဏ်ထူး ဆောင်ဆုပစ္စည်း ချီးမြှင့်နိုင်ရေးအတွက် စိစစ်ထောက်ခံ တင်ပြမှုကို အောက်ပါအတိုင်း ဆောင်ရွက်ရမည်-

(က) ပြည်နယ်တရားလွှတ်တော်၊ ပြည်နယ်ဝန်ကြီးဌာန၊ ပြည်နယ်ဥပဒေချုပ်ရုံး၊ ပြည်နယ်စာရင်းစစ်ချုပ်ရုံးနှင့် အစိုးရဌာနအဖွဲ့အစည်းများမှ ဝန်ထမ်းများအတွက် သက်ဆိုင်ရာအဆင့်ရှိ ကြီးကြပ်သူအရာရှိက နောက်ဆက် တွဲပုံစံ(၁)တွင် အကျိုးအကြောင်းပြည့်စုံစွာ ဖော်ပြစိစစ် ပြီး အထက်အဆင့်ဆင့် ကြီးကြပ်သူအရာရှိများမှ တစ်ဆင့် ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ်၊ သက်ဆိုင်ရာ ပြည်နယ်ဝန်ကြီး၊ ပြည်နယ်ဥပဒေချုပ် သို့မဟုတ် ပြည်နယ်စာရင်းစစ်ချုပ်ထံ ထောက်ခံတင်ပြရ မည်။ ယင်းနောက် ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်၊ သက်ဆိုင်ရာ ပြည်နယ်ဝန်ကြီး၊ ပြည်နယ်ဥပဒေချုပ် သို့မဟုတ် ပြည်နယ်စာရင်းစစ်ချုပ် ကစိစစ်၍ စိစစ်ရေးကော်မတီသို့ ပေးပို့ရမည်။ စိစစ်ရေး ကော်မတီက မိမိရရှိသော အထက်ပါစိစစ်ထောက်ခံ ချက်များကို စိစစ်၍ အစိုးရအဖွဲ့သို့ ကော်မတီ၏ သဘောထားမှတ်ချက်ကို ကိစ္စရပ်တစ်ခုချင်းအလိုက် တင်ပြရမည်၊

( ခ ) တပ်မတော်သားများအတွက် သက်ဆိုင်ရာ တပ်ရင်း၊ တပ်ဖွဲ့မှူးတို့က နောက်ဆက်တွဲပုံစံ(၂)တွင် စိစစ်၍ သက်ဆိုင်ရာဒေသကွပ်ကဲရေးမှူး၊ တပ်မမှူး သို့မဟုတ် တိုင်းမှူးထံ ထောက်ခံတင်ပြရမည်။ သက်ဆိုင်ရာ ဒေသကွပ်ကဲရေးမှူး၊ တပ်မမှူးသို့မဟုတ် တိုင်းမှူးက ထပ်မံစိစစ်၍ မိမိ၏ သဘောထားမှတ်ချက်နှင့်အတူ စိစစ်ရေးကော်မတီသို့ပေးပို့ရမည်။ စိစစ်ရေးကော်မတီက မိမိရရှိသော အထက်ပါ စိစစ်ထောက်ခံချက်များကို စိစစ်၍ အစိုးရအဖွဲ့သို့ ကော်မတီ၏သဘောထားမှတ်ချက်ကို ကိစ္စရပ်တစ်ခုချင်းအလိုက် တင်ပြရမည်၊

( ဂ ) ပုဒ်မခွဲ(က)နှင့် ပုဒ်မခွဲ(ခ)တို့တွင် အကျုံးမဝင်သည့် ကယားပြည်နယ်လွှတ်တော် ကော်မတီနှင့် အဖွဲ့များ၊ ပြင်ပပုဂ္ဂိုလ် သို့မဟုတ် အဖွဲ့အစည်းများအတွက် သက်ဆိုင်ရာမြို့နယ်စီမံခန့်ခွဲရေးကော်မတီကနောက်ဆက်တွဲပုံစံ(၃)တွင်စိစစ်၍ ယင်းကော်မတီ၏ ထောက်ခံချက်နှင့်အတူ ခရိုင်စီမံခန့်ခွဲရေးကော်မတီသို့ တင်ပြရမည်။ ခရိုင်စီမံခန့်ခွဲရေးကော်မတီက ထပ်မံစိစစ်၍ ယင်းကော်မတီ၏ ထောက်ခံချက်နှင့်အတူစိစစ်ရေးကော်မတီသို့ တင်ပြရမည်။ စိစစ်ရေးကော်မတီသည် မိမိရရှိသော အထက်ပါထောက်ခံချက်များကို သဘောထားမှတ်ချက်ဖြင့် အစိုးရအဖွဲ့သို့ ကိစ္စရပ်တစ်ခုချင်းအလိုက် တင်ပြရမည်၊

(ဃ) စိစစ်ထောက်ခံတင်ပြသည့် ပုဂ္ဂိုလ် သို့မဟုတ် အဖွဲ့အစည်းများသည် စိစစ်ရေးကော်မတီက သတ်မှတ်သည့် အချိန်အတွင်း မိမိတို့၏ စိစစ်ချက်၊ ထောက်ခံ ချက်များကို သတ်မှတ်ချက်များနှင့်အညီ ပြည့်စုံစွာ တင်ပြရမည်။



## အခန်း(၆)

## ဂုဏ်ထူးဆောင်လက်မှတ်နှင့် ဂုဏ်ထူးဆောင်ဆုပစ္စည်းများအတွက် ဘဏ္ဍာငွေသုံးစွဲခြင်း

၁၈။ ဂုဏ်ထူးဆောင်လက်မှတ်နှင့် ဂုဏ်ထူးဆောင်ဆုပစ္စည်းများ ချီးမြှင့်ခြင်းအတွက် လိုအပ်သောဘဏ္ဍာငွေကို အစိုးရအဖွဲ့က သတ်မှတ်သည့်အတိုင်း ပြည်နယ်အစိုးရအဖွဲ့ ဘဏ္ဍာငွေမှ ကျခံသုံးစွဲရမည်။

၁၉။ အဖွဲ့အစည်းတစ်ခုခုကဖြစ်စေ၊ ပုဂ္ဂိုလ်တစ်ဦးဦးကဖြစ်စေ၊ ဂုဏ်ထူးဆောင်လက်မှတ်နှင့် ဂုဏ်ထူးဆောင်ဆုပစ္စည်းများ ချီးမြှင့်နိုင်ရေးအတွက် ငွေနှင့် ဆုပစ္စည်းများ လှူဒါန်းပါက ပြည်နယ်အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် စိစစ်ရေးကော်မတီက လက်ခံ၍ ဉပဒေနှင့်အညီ စီမံခန့်ခွဲနိုင်သည်။

## အခန်း(၇)

## အထွေထွေ

၂၀။ အစိုးရအဖွဲ့သည် ဂုဏ်ထူးဆောင်လက်မှတ်နှင့် ဂုဏ်ထူးဆောင်ဆုပစ္စည်းများ ချီးမြှင့်နိုင်ရန် စိစစ်ထောက်ခံရမည့် အချိန်ကာလနှင့် ယင်းလက်မှတ်နှင့် ဆုပစ္စည်းများ ချီးမြှင့်မည့်နေ့ရက်ကို လိုအပ်သလို သတ်မှတ်နိုင်သည်။

၂၁။ စိစစ်ရေးကော်မတီက ထောက်ခံတင်ပြလာသော ဂုဏ်ထူးဆောင်လက်မှတ်နှင့် ဂုဏ်ထူးဆောင်ဆုပစ္စည်းများ၏ အမျိုးအစား၊ ဒီဇိုင်းပုံစံနှင့် တန်ဘိုးကို အစိုးရအဖွဲ့က ပြင်ဆင်ခြင်း၊ အတည်ပြုခြင်းပြုနိုင်သည်။

၂၂။ ဤဥပဒေပါ ပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင်-

(က) အစိုးရအဖွဲ့သည် လိုအပ်သောနည်းဥပဒေများ၊ အမိန့်ကြော်ငြာစာများကို ထုတ်ပြန်နိုင်သည်။

( ခ ) စိစစ်ရေးကော်မတီသည် လိုအပ်သောအမိန့်ကြော်ငြာစာ၊ အမိန့်ညွှန်ကြားချက်၊ လုပ်ထုံးလုပ်နည်းများကို ထုတ်ပြန်နိုင်သည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ် လက်မှတ်ရေးထိုးသည်။

(ပုံ) အယ်လ်ဖောင်းရှို
ဝန်ကြီးချုပ်
ကယားပြည်နယ်အစိုးရအဖွဲ့



နောက်ဆက်တွဲပုံစံ(၁)

**ကယားပြည်နယ်အတွင်းရှိ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများမှ ပုဂ္ဂိုလ်၊ အဖွဲ့အစည်းများအတွက် ဂုဏ်ထူးဆောင်လက်မှတ်များနှင့် ဂုဏ်ထူးဆောင်ဆုပစ္စည်း ချီးမြှင့်အပ်နှင်းရန် ထောက်ခံချက်ပုံစံ**

၁။ (က) အမည် ------------

( ခ ) အဘအမည် ------------

( ဂ ) မွေးသက္ကရာဇ်/ အသက် ------------

(ဃ) နိုင်ငံသားစိစစ်ရေးကတ်အမှတ် ------------

( င ) အဆင့်/တာဝန် ------------

( စ ) လုပ်ငန်း/ဌာန ------------

(ဆ) နေရပ်လိပ်စာ ------------

၂။ ထောက်ခံသည့်ဂုဏ်ထူးဆောင် ------------
လက်မှတ် သို့မဟုတ် ဂုဏ်ထူးဆောင် ------------
ဆုပစ္စည်း ------------

၃။ မြို့နယ်အဆင့်ကြီးကြပ်သူအရာရှိက အကျိုးအကြောင်း ဖော်ပြထောက်ခံချက်။ (လိုအပ်လျှင် ထောက်ခံချက်ကို သီးခြားပူးတွဲတင်ပြနိုင်သည်။)

**ကြီးကြပ်သူအရာရှိ**

ရာထူး၊----------------------

ဌာန၊-----------------------

ရက်စွဲ။--------------------

၄။ ခရိုင်အဆင့်ကြီးကြပ်သူအရာရှိက အကျိုးအကြောင်း ဖော်ပြ ထောက်ခံချက်။ (လိုအပ်လျှင် ထောက်ခံချက်ကို သီးခြားပူးတွဲ တင်ပြနိုင်သည်။)

**ကြီးကြပ်သူအရာရှိ**

ရာထူး၊------------------------

ဌာန၊--------------------------

ရက်စွဲ။--------------------

၅။ ပြည်နယ်အဆင့်ကြီးကြပ်သူအရာရှိက အကျိုးအကြောင်းဖော်ပြထောက်ခံချက်။ (လိုအပ်လျှင် ထောက်ခံချက်ကို သီးခြားပူးတွဲ တင်ပြနိုင်သည်။)

**ကြီးကြပ်သူအရာရှိ**

ရာထူး၊------------------------

ဌာန၊--------------------------

ရက်စွဲ။-------------------



၆။ ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ် / သက်ဆိုင်ရာ ပြည်နယ်ဝန်ကြီး/ ပြည်နယ်ဥပဒေချုပ်/ ပြည်နယ်စာရင်းစစ်ချုပ်၏ ထောက်ခံချက်။ (လိုအပ်လျှင် ထောက်ခံချက်ကို သီးခြားပူးတွဲတင်ပြနိုင်သည်။)

ရာထူး၊------------------------

ဌာန၊--------------------------

ရက်စွဲ။----------------------

၇။ စိစစ်ရေးကော်မတီ၏ သဘောထားမှတ်ချက်။

ရာထူး၊ ဥက္ကဋ္ဌ

ဌာန ၊ စိစစ်ရေးကော်မတီ

ရက်စွဲ၊----------------------

နောက်ဆက်တွဲပုံစံ(၂)

**ကယားပြည်နယ်အတွင်းရှိ တပ်မတော်သားများအတွက် ဂုဏ်ထူးဆောင်လက်မှတ်နှင့် ဂုဏ်ထူးဆောင်ဆုပစ္စည်း ချီးမြှင့်အပ်နှင်းရန် ထောက်ခံချက်ပုံစံ**

၁။ (က) ကိုယ်ပိုင်အမှတ် --------------

(ခ) အဆင့် --------------

(ဂ) အမည် --------------

(ဃ) မွေးသက္ကရာဇ်/ အသက် --------------

(င) အမှုထမ်းသက် --------------

(စ) တပ်ဖွဲ့/ တပ်ရင်း/ ဌာနချုပ် --------------

၂။ ထောက်ခံသည့်ဂုဏ်ထူးဆောင် --------------

လက်မှတ် သို့မဟုတ် ဂုဏ်ထူးဆောင် --------------

ဆုပစ္စည်း --------------

၃။ တပ်ရင်းမှူး/ တပ်ဖွဲ့မှူးက အကျိုးအကြောင်း ဖော်ပြထောက်ခံချက်။

(လိုအပ်လျှင် ထောက်ခံချက်ကို သီးခြားပူးတွဲ တင်ပြနိုင်သည်။)

တပ်ရင်းမှူး/ တပ်ဖွဲ့မှူး

ရက်စွဲ။-------------------



၄။ ဒေသကွပ်ကဲရေးမှူး၊ တပ်မမှူး၊ တိုင်းမှူးက အကျိုးအကြောင်း ဖော်ပြထောက်ခံချက်။

(လိုအပ်လျှင် ထောက်ခံချက်ကို သီးခြားပူးတွဲ ပေးပို့နိုင်သည်။)

ဒေသကွပ်ကဲရေးမှူး/တပ်မမှူး/တိုင်းမှူး

ရက်စွဲ။------------------

၅။ စိစစ်ရေးကော်မတီ၏ သဘောထားမှတ်ချက်။

ရာထူး၊ ဥက္ကဋ္ဌ

ဌာန ၊ စိစစ်ရေးကော်မတီ

ရက်စွဲ၊-------------------

နောက်ဆက်တွဲပုံစံ(၃)

**ကယားပြည်နယ်အတွင်းရှိ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများနှင့် အကျုံးမဝင်သည့် ကယားပြည်နယ်လွှတ်တော်ကော်မတီနှင့်အဖွဲ့များ၊ ပြင်ပပုဂ္ဂိုလ်၊ အဖွဲ့အစည်းများအတွက်ဂုဏ်ထူးဆောင်လက်မှတ်များနှင့် ဂုဏ်ထူးဆောင်ဆုပစ္စည်း ချီးမြှင့်အပ်နှင်းရန် ထောက်ခံချက်ပုံစံ**

၁။ (က) အမည် -------------

(ခ) အဘအမည် -------------

(ဂ) မွေးသက္ကရာဇ်/ အသက် -------------

(ဃ) နိုင်ငံသားစိစစ်ရေးကတ်အမှတ် -------------

(င) အဆင့်/တာဝန် -------------

(စ) လုပ်ငန်း/ဌာန -------------

(ဆ) နေရပ်လိပ်စာ -------------

၂။ ထောက်ခံသည့်ဂုဏ်ထူးဆောင် -------------

လက်မှတ် သို့မဟုတ် ဂုဏ်ထူးဆောင် -------------

ဆုပစ္စည်း -------------

၃။ မြို့နယ်စီမံခန့်ခွဲရေးကော်မတီက အကျိုးအကြောင်း ဖော်ပြထောက်ခံချက်။ (လိုအပ်လျှင် ထောက်ခံချက်ကို သီးခြားပူးတွဲတင်ပြနိုင်သည်။)

ရာထူး၊ ဥက္ကဋ္ဌ

ဌာန ၊ မြို့နယ်စီမံခန့်ခွဲရေးကော်မတီ

ရက်စွဲ။------------------



၄။ ခရိုင်စီမံခန့်ခွဲရေးကော်မတီက အကျိုးအကြောင်း ဖော်ပြထောက်ခံချက်။ (လိုအပ်လျှင် ထောက်ခံချက်ကို သီးခြားပူးတွဲတင်ပြနိုင်သည်။)

ရာထူး၊ ဥက္ကဋ္ဌ

ဌာန ၊ ခရိုင်စီမံခန့်ခွဲရေးကော်မတီ

ရက်စွဲ။--------------------

၅။ စိစစ်ရေးကော်မတီ၏ သဘောထားမှတ်ချက်။

ရာထူး၊ ဥက္ကဋ္ဌ

ဌာန ၊ စိစစ်ရေးကော်မတီ

ရက်စွဲ၊---------------------